| BRONSON | Affix Patient Label |
| --- | --- |
| | လူနာအမည် မွေးသက္ကရာဇ် |

## သားဥပြွန်ဆိုင်ရာ သားကြောဖြတ်ခြင်းအတွက် သဘောတူညီချက်

ဤအချက်လက်များကို သင့်အား အသိပေးထားသည့်အတွက် **သားဥပြွန်ဆိုင်ရာ သားကြောဖြတ် ခွဲစိတ်မှု**နှင့် ပတ်သက်ပြီး သင်သိရှိ ဆုံးဖြတ်ချက်ချနိုင်မည်ဖြစ်သည်။

**ယင်းခွဲစိတ်မှု၏ အကြောင်းရင်းနှင့် ရည်ရွယ်ချက်**

သားကြောဖြတ်ခြင်းသည် ရွေးချယ်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည်။ ရွေးချယ်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက်သင့်ဘက်မှ ရွေးချယ်နိုင်ပါသည်။ ဤခွဲစိတ်မှုအား သင်ရွေးချယ်မှုပြုလိုက်ခြင်းသည် ယခု သို့မဟုတ် အနာဂတ်တွင် သင်ကိုယ်ဝန်ထပ်မဆောင်လိုသည့်အတွက်၊ ကလေးထပ်မလိုချင်တော့သည့်အတွက် ဖြစ်သည်။

သားဥပြွန်ချည်ခြင်းဆိုသည်မှာ "သင့်၏သားဥပြွန်များကို ချည်နှောင်လိုက်ခြင်း" ဖြစ်ပြီး သားဥပြွန်များကို ပိတ်ဆို့လိုက်ခြင်း ဖြစ်သည်။ ၎င်းအား ချည်ကွင်းများ၊ ညှပ်ကလစ်များ သို့မဟုတ် အပူပေးမီးရှို့ခြင်းတို့ဖြင့် လုပ်ဆောင်ပါသည်။

ယင်းသို့လုပ်ဆောင်ပြီးနောက် ကိုယ်ဝန်ရရှိခြင်းသည် တစ် ရာခိုင်နှုန်းမျှသာ ရှိပါသည်။ ယင်းမှာအခြားသောသားကြောဖြတ်ခြင်း နည်းလမ်းများနှင့် တူတူပင်ဖြစ်ပါသည်။ သားကြောဖြတ်ပြီးနောက် ကိုယ်ဝန်ရရှိသည့် အမျိုးသမီးများသည် သားဥပြွန်အတွင်း သန္ဓေတည်ခြင်းသာ ဖြစ်ရန် အလားလာများပါသည်။

ယင်းကဲ့သို့သော အလားလာရှိသည့်အပြင် ဤလုပ်ဆောင်ချက်မှာ ထာဝရဖြစ်ပြီး ပြန်ပြင်၍မရကြောင်း သင်သိရှိရန် အရေးကြီးပါသည်။

သားကြောဖြတ်ခြင်းကို ဝမ်းဗိုက်ဖွင့်၍ ဗိုက်ခွဲမွေးဖွားသည့် အချိန်တွင် ပြုလုပ်နိုင်ပါသည်။ သားအိမ်လမ်းကြောင်းမှ မွေးဖွားပြီး မကြာမီတွင် ချက်အနီး၌ အနည်းငယ်ဖြတ်တောက်ပြီးလည်း ပြုလုပ်နိုင်ပါသည်။

သင့်တွင် ကိုယ်ဝန်မရှိလျှင် အခြားနည်းလမ်းအဖြစ် ဝမ်းဗိုက်မှခွဲစိတ်ပြီးသားကြောဖြတ်ခြင်း ပြုလုပ်နိုင်သည်။ ဝမ်းဗိုက်မှ ခွဲစိတ်ဖြတ်တောက်ခြင်းကို ချက်အနီးတစ်ဝိုက်တွင် အနည်းငယ်ဖြတ်တောက်ပြီး ပြုလုပ်နိုင်သည်။ ထို့နောက် အန္တရာယ်မရှိသော ဓာတ်ငွေ့ကို ဝမ်းဗိုက်အတွင်းသို့ ဖြတ်ဖောက်သည့်နေရာမှလည်းကောင်း၊ အပ်တစ်ချောင်းဖြင့်လည်းကောင်း ထည့်သွင်းလိုက်မည်။ အဆိုပါဓာတ်ငွေ့သည် ဝမ်းဗိုက်အား ဖောင်းသွားစေမည်။ ယင်းသည် ဆရာဝန်အား အတွင်းမှ အင်္ဂါအစိတ်အပိုင်းများကို ပို၍ လွယ်လွယ်ကူကူ တွေ့စေနိုင်ပါသည်။ ထို့နောက်တွင် သေးသွယ်ရှည်လျားသော ကိရိယာတစ်ခုကို ထည့်သွင်းလိုက်မည်။ ၎င်းတွင် သေးငယ်သော ကင်မရာနှင့် အလင်းပေးစနစ်တစ်ခု ပါဝင်သည့်အတွက် ဆရာဝန်အနေဖြင့် ဝမ်းဗိုက်အတွင်းပိုင်းကို မြင်နိုင်မည်ဖြစ်သည်။ ဒုတိယဖြတ်ရာမှာ သားဥပြွန်များကို ဆုပ်ကိုင်ရန်အတွက် အသုံးပြုမည့် အခြားကိရိယာတစ်ခုအတွက် ဖြတ်တောက်ခြင်းဖြစ်သည်။ ပြွန်များကို ဖယ်ရှားကာ ချည်နှောင်ခြင်း သို့မဟုတ် အပူပေးမီးရှို့ခြင်းပြုလုပ်ပြီးသည်နှင့် ကိရိယာများကို ဖယ်ရှားပစ်မည်ဖြစ်သည်။ ခွဲစိတ်ထားသည့်နေရာအား ချုပ်ရိုးချုပ်၍ ပိတ်လိုက်မည်ဖြစ်သည်။

| BRONSON | Affix Patient Label |
|---|---|
| | လူနာအမည် မွေးသက္ကရာဇ် |

**ဤခွဲစိပ်မှု၏အကျိုးကျေးဇူးများ**

သင်မှအောက်ပါအကျိုးတရားများကို ရရှိနိုင်ပါသည်။ သို့သော်သင့်ဆရာဝန်မှယင်းအကျိုးတရားများကျိန်းသေဖြစ်ထွန်းမည်ဟု အာမမခံနိုင်ပါ။ အကျိုးရှိစေရန် စွန့်စားမှုပြုသင့်မပြုသင့်ကို သင်သာ ဆုံးဖြတ်ရမည်။

- သင် နောက်ထပ် ကိုယ်ဝန်ရရှိနိုင်တော့မည် မဟုတ်ပါ။

**ခွဲစိတ်ခြင်း၏ အန္တရာယ်အလားလာများ-**

မည်သည့်ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်မှ အန္တရာယ်အလားလာ မကင်းနိုင်ပါ။ အချို့သော အန္တရာယ်များသည် အဖြစ်များပါသည်။ သင့်ဆရာဝန်မှမျှော်လင့်မထားသော အန္တရာယ်အလားလာများလည်း စာရင်းတွင်ပါဝင်နိုင်ပါသည်။

**ခွဲစိပ်မှု၏ အထွေထွေဆိုးကျိုးများ -**

- အဆုတ်၏ နေရာအချို့ လေများဖြင့်ပြည့်ပြီး ဖောင်းလာနိုင်ပါသည်။ ယင်းမှာ ရောဂါကူးစက်မှုကို ဖြစ်စေနိုင်ပါသည်။ ယင်းအတွက် ပိုးသတ်ဆေးများနှင့် အသက်ရှူမှုဆိုင်ရာ ကုသမှုများလိုအပ်လာနိုင်ပါသည်။
- ခြေထောက်များတွင် သွေးများခဲလာနိုင်ပြီး နာကျင် ရောင်ရမ်းလာနိုင်ပါသည်။ ယင်းအခြေနေအား DVT သို့မဟုတ် သွေးပြန်ကြောပိတ်ခဲခြင်းဟု ခေါ်ပါသည်။ ရှားရှားပါးပါး သွေခဲများမှ အစိတ်အပိုင်းများပြတ်ထွက်ပြီး အဆုတ်ထဲသို့ ရောက်ရှိသွားနိုင်ပါသည်။ ယင်းသို့ဖြစ်ပါက သေနိုင်ပါသည်။
- နလုံးတွင် ဒဏ်ဖြစ်စေနိုင်သလို ဦးနှောက်သွေးကြောပေါက်ခြင်း ဖြစ်စေနိုင်သည်။
- သွေးယိုစီးခြင်းဖြစ်စေနိုင်သည်။ သွေးထွက်လွန်ပါက သွေးသွင်းရန် လိုအပ်ပါသည်။
- ထုံဆေးအား ဓာတ်မတည့်မှုဖြစ်နိုင်သည်။ အဖြစ်များသော ဓာတ်မတည့်မှုမှာ မူးဝေအော့အန်ခြင်းသာ ဖြစ်သည်။ ရှားရှားပါးပါးဖြစ်ရပ်များတွင် သေစေနိုင်သည်။ ယင်းနှင့်ပတ်သက်ပြီး ထုံဆေးဆရာဝန်မှ သင်နှင့် ဆွေးနွေးပြောဆိုပါမည်။

**ယင်းခွဲစိတ်မှု၏ ဆိုးကျိုးအလားလာများ -**

- ကူးစက်ပိုးဝင်ခြင်း။
- ကိုယ်ဝန်ရရှိနိုင်မှု အလားလာ ၁ ရာခိုင်နှုန်းအောက်သာ ရှိခြင်း။
- အကယ်၍ ကိုယ်ဝန်ရလာခဲ့လျှင်လည်း သားဥပြွန်အတွင်း သန္ဓေတည်ခြင်းဖြစ်နိုင်သည့် အလားလာများခြင်း။ ယင်းမှာ သားအိမ်ပြင်ပတွင် သန္ဓေတည်ခြင်းဖြစ်သည်။ ယင်းသို့ဖြစ်လျှင် ဆေးကုသမှု လိုအပ်မည်ဖြစ်သည်။
- ဆီးအိတ်၊ ဆီးထွက်ပြွန်နှင့် မစင်အိမ်ကို ထိခိုက်စေနိုင်သည်။ ယင်းဆိုးကျိုးများသည် ဖြစ်နိုင်ခြေနည်းလှပါသည်။
- သွေးသွင်းရန် လိုအပ်နိုင်သည့် သွေးထွက်လွန်ခြင်း။

**ဝမ်းဗိုက်ခွဲစိတ်ပြီးသားကြောဖြတ်ခြင်းနည်းလမ်း၏ ဆိုးကျိုးအလားအလာများ**

- ပခုံးနာခြင်း၊ ဝမ်းဗိုက်နာခြင်း သို့မဟုတ် ကြွက်တက်ခြင်း၊ အူနှင့်အစာအိမ်အတွင်း ဓာတ်ငွေ့များအလွန်အကျွံများခြင်းနှင့် လေပွခြင်း။

| BRONSON | Affix Patient Label |
|---|---|
| | လူနာအမည် မွေးသက္ကရာဇ် |

**ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်နေသည့် ဆိုးကျိုးအလားလာများ -**

ဆေးလိပ်သောက်ခြင်းသည် ရောဂါပိုးကူးစက်မှုကို မြင့်တက်စေခြင်းနှင့် ဆက်စပ်နေပါသည်။ ၎င်းမှာ နှလုံးနှင့် အဆုတ်ဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများနှင့် သွေးခဲဖြစ်ပေါ်မှုကို ဦးတည်နိုင်ပါသည်။

**အဝလွန်ခြင်းနှင့် ဆက်စပ်သည့် ဆိုးကျိုးအလားလာများ -**

အဝလွန်ခြင်းသည်လည်း ရောဂါပိုးကူးစက်မှုကို မြင့်တက်စေခြင်းနှင့် ဆက်စပ်နေပါသည်။ ၎င်းမှာ နှလုံးနှင့် အဆုတ်ဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများနှင့် သွေးခဲဖြစ်ပေါ်မှုကို ဦးတည်နိုင်ပါသည်။

**သင်နှင့် ဆက်စပ်သည့် ဆိုးကျိုးများ -**

________________________________________
________________________________________
________________________________________
________________________________________

**အခြားကုသနည်းများ -**

- ဘာမှ မလုပ်ပါနှင့်။ ယင်းခွဲစိတ်မှုအား မပြုလုပ်ရန် သင်ရွေးချယ်နိုင်သည်။
  **သင်မှ ယင်းဗိုက်ခွဲမွေးဖွားခြင်းမပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပါက -**

  သားမွေးနှုန်းထိန်းချုပ်သည့် အခြားနည်းလမ်းများ ရှိပါသေးသည်။ ကျေးဇူးပြု၍ ယင်းရွေးချယ်မှုများနှင့် ပတ်သက်ပြီး

  သင့်ဆရာဝန်အား ဆွေးနွေးတိုင်ပင်ပါ။

**အထွေထွေအချက်လက်များ**

- ယင်းလုပ်ငန်းစဉ်အတွင်း ဆရာဝန်မှ ကျွန်ုပ်သဘောတူထားသည့် လုပ်ငန်းစဉ်များထက် ပိုပြီး အခြား လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် လိုအပ်ကောင်းလိုအပ်ပါမည်။

- လုပ်ငန်းစဉ်အတွင်း ဆရာဝန်မှ နောက်ထပ် စမ်းသပ်မှုများ သို့မဟုတ် ကုသမှုများကို ပြုလုပ်ရန် လိုအပ်ပါသည်။

- ကိုယ်ခန္ဓာမှ ထုတ်ယူထားသော တစ်သျှူးများ ၊ အင်္ဂါများကိုစမ်းသပ်စစ်ဆေးနိုင်ပါသည်။ ၎င်းတို့အားသုတေသနသို့မဟုတ် သင်ကြားပို့ချမှုတို့အတွက် သိမ်းဆည်းထားနိုင်ပါသည်။ ဆေးရုံမှ ယင်းတို့ကို မှန်မှန်ကန်ကန် စွန့်ပစ်မည်ဟု သဘောတူထား ပါသည်။

- ကျောင်းသားကျောင်းသူများ၊နည်းပညာပိုင်းကျွမ်းကျင်သူများ နှင့် အခြားဝန်ထမ်းများလည်း လုပ်ငန်းစဉ်ဆောင်ရွက်နေစဉ်အတွင်း ရှိနေနိုင်ပါသည်။ ကျွန်ုပ်၏ဆရာဝန်မှ ယင်းကိစ္စရပ်များကို ကြီးကြပ်ပါမည်။

- လုပ်ငန်းစဉ်အတွင်း ဓာတ်ပုံရိုက်ခြင်း ၊ ဗီဒီယိုရိုက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။ ယင်းတို့အား ဆေးဝါးကုသမှု မှတ်တမ်းသို့ထည့် သွင်းနိုင်ပါသည်။ ယင်းတို့အားသင်ကြားမှု ရည်ရွယ်ချက်များအတွက်ပုံနှိပ်ထုတ်ဝေမည်ဖြစ်သည်။ ကျွန်ုပ်၏ကိုယ်ပိုင်အချက်အလက် အမှတ်အသားများအား ကာကွယ်ထိမ်းသိမ်းပေးပါမည်။

**ဤဖောင်ပုံစံအား လက်မှတ်ထိုးခြင်းဖြင့် ကျွန်ုပ်မှ သဘောတူပါသည်။**

- ကျွန်ုပ်မှ ဤဖောင်ပုံစံအား ဖတ်ရှုပြီးပါပြီ။ သို့မဟုတ် ကျွန်ုပ်နားလည်နိုင်သော ဘာသာစကားဖြင့် ယင်းဖောင်ပုံစံအား ကျွန်ုပ်ကို ရှင်းပြပေးပြီးပါပြီ။
- ယင်းတွင်ပါဝင်သည့် အကြောင်းအရာများကို ကျွန်ုပ်နားလည်ပါသည်။
- ဆရာဝန်နှင့် စကားပြောရန် ကျွန်ုပ်အချိန်ရခဲ့ပါသည်။ ကျွန်ုပ်မေးခွန်းများအား ဖြေဆိုပေးပြီးဖြစ်ပါသည်။
- ကျွန်ုပ် ယင်းလုပ်ငန်းစဉ်အား ခံယူလိုပါသည်။ **သားဥပြွန်ဆိုင်ရာ သားကြောဖြတ်** ခွဲစိတ်ခြင်း။ ____________________________________________________________
- ခွဲစိတ်မှုအား ပြုလုပ်ရန် ကျွန်ုပ်၏ဆရာဝန်မှ ၄င်းလုပ်ဖော်ကိုင်ဖက်ဆရာဝန်အားတောင်းဆိုနိုင်သည်ကို နားလည်ပါသည်။
- ဆေးဖက်ဆိုင်ရာ ကျွမ်းကျင်ဆရာဝန်များအပါအဝင် အခြားဆရာဝန်များ သို့မဟုတ် အခြားဆေးဝန်ထမ်းများမှ စိတ်ငြိမ် ဆေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်ကြောင်း ကျွန်ုပ် သိရှိပါသည်။ ယင်းလုပ်ငန်းစဉ်များသည် ၄င်းတို့၏ ကျွမ်းကျင်မှု အဆင့်အပေါ် မူတည်ပါသည်။ ကျွန်ုပ်၏ဆရာဝန်မှ ယင်းကိစ္စရပ်များကို ကြီးကြပ်ပါမည်။

| |
|---|
| **<u>ဆရာဝန် -</u>** လူနာမှ ခွဲစိတ်မှုမခံယူမီသွေးစစ်ခြင်း နှစ်မျိုးကို ပြုလုပ်ရန် လိုအပ်နိုင်သည်။ သို့ဆိုပါက သွေး/နမူနာအတွက် သဘောတူညီချက်ရယူပါ။ |

မိဘလက်မှတ်_________________________________________ နေ့စွဲ____________ အချိန်_____________

**တော်စပ်ပုံ-** ☐ **မိဘ** ☐ **အနီးစပ်ဆုံးဆွေမျိုးများ(တော်စပ်ပုံ) ______________** ☐ **အုပ်ထိန်းသူ**

စကားပြန်၏ ဖော်ပြချက် - ကျွန်ုပ်မှ သဘောတူညီမှုဖောင်ပုံစံနှင့်လူနာ၊ မိဘ၊ အနီးစပ်ဆုံးဆွေမျိုး သို့မဟုတ်တရားဝင်အုပ်ထိန်း သူတို့အတွက်ဆရာဝန်ရှင်းချက်တို့ကိုဘာသာပြန်ပေးပြီးဖြစ်ပါသည်။
စကားပြန် -

_______________________________ _______________ ________________
*စကားပြန် (အကျုံးဝင်ပါက)* *နေ့စွဲ* *အချိန်*

BRONSON

Affix Patient Label

လူနာအမည်　　　　　　　မွေးသက္ကရာဇ်

**ဆရာဝန်များအသုံးပြုရန်အတွက်သာ -**

ကျွန်ုပ်မှ မကုသပဲနေခြင်း၏ သဘောသဘာဝ၊ ရည်ရွယ်ရင်း၊ အန္တရာယ်များ၊ အကျိုးတရားများ၊ ဖြစ်နိုင်သည့် အကျိုးဆက်များ၊ အခြားရွေးချယ်စရာများ၊ ကြံရွယ်ပြီးကုသခြင်း၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်လာနိုင်ခြေများနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ မေးခွန်းများကိုလည်းဖြေဆိုပေးခဲ့ပြီးဖြစ်ကာ လူနာမှလည်း ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်အား ခံယူရန် သဘောတူပြီးဖြစ်သည်။

ဆရာဝန်လက်မှတ်:____________________________________ နေ့စွဲ:____________ အချိန်:__________

**နားလည်ထားသည်များကို ပြန်ရှင်းပြခြင်း**

ကျွန်ုပ်မှ မကုသပဲနေခြင်း၏ သဘောသဘာဝ၊ ရည်ရွယ်ရင်း၊ အန္တရာယ်များ၊ အကျိုးတရားများ၊ ဖြစ်နိုင်သည့် အကျိုးဆက်များ၊ အခြားရွေးချယ်စရာများ၊ ကြံရွယ်ပြီးကုသခြင်း၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်လာနိုင်ခြေများနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ရှင်းပြခဲ့ပြီးဖြစ်သည်။ မေးခွန်းများကိုလည်းဖြေဆိုပေးခဲ့ပြီးဖြစ်ကာ လူနာမှလည်း ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်အား ခံယူရန် သဘောတူပြီးဖြစ်သည်။

လူနာမှ မိမိ၏ ကိုယ်ပိုင် စကားလုံးများဖြင့် ပြန်လည်ဖော်ပြခြင်းဖြင့် နားလည်ကြောင်းကို ပြသပါသည်။

_____ ကုသမှု/ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်အတွက် အကြောင်းရင်း(များ)- ________________________

_____ အကျိုးသက်ရောက်မှုရှိစေမည့် ကိုယ်ခန္ဓာအစိတ်အပိုင်း(များ)__________________________

_____ ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်၏အကျိုးတရား(များ)_________________________________

_____ ဆေးဖက်ဆိုင်ရာလုပ်ငန်းစဉ်၏ အန္တရာယ်အလားအလာ(များ) __________________________

_____ ဆေးဖက်ဆိုင်ရာ လုပ်ငန်းစဉ်၏ အခြားရွေးချယ်စရာ(များ) ___________________________

**သို့မဟုတ်**

_____ လူနာမှ ဆက်လက်မလုပ်ဆောင်ရန် ရွေးချယ်ခဲ့သည် ______________________(လူနာလက်မှတ်)

နေ့စွဲ____________အချိန်__________

အသိမှတ်ပြုသူ/မျက်မြင်သက်သေ_______________________________________________

နေ့စွဲ____________အချိန်__________